ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ အက်ဖ်အီး-၁/၆၇၈

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

အကြောင်းအရာ။ **နိုင်ငံခြားငွေကြေးဈေးကွက်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

နိုင်ငံခြားငွေကြေးဈေးကွက်တွင် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များက နိုင်ငံခြားငွေ ရောင်းခြင်း၊ ဝယ်ခြင်းပြုရာတွင် အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရန်ဖြစ်ကြောင်း အကြောင်းကြားပါသည်-

(က) လက်ရှိတွင် သွင်းကုန်အတွက် ပေးချေခြင်းများကို COVID-19 အပါအဝင် ကျန်းမာရေးကိစ္စနှင့် စက်သုံးဆီ၊ စားသုံးဆီများ တင်သွင်းခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုသာ ဦးစားပေးဆောင်ရွက်ရန်၊

( ခ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Auction မှတစ်ဆင့် AD ဘဏ်များသို့ ရောင်းချပေးသော အမေရိကန်ဒေါ်လာအား COVID-19 ကိစ္စရပ်များအတွက် ဦးစားပေးရောင်းချရန်နှင့် ယင်းသို့ဆောင်ရွက်ကြောင်း အထောက်အထားများကို ထိန်းသိမ်းထားရှိရန်၊

( ဂ ) လက်ရှိကာလတွင် ဖြစ်ပွားနေသော COVID-19 နှင့်ဆက်စပ်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ ဝယ်ယူသည့်သူများအား ဦးစားပေးရောင်းချရန်နှင့် အခက်အခဲများ ရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြသွားရန်၊

(ဃ) နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) လိုအပ်သူများအား ဈေးတင်ရောင်းချခြင်းဖြင့် မလိုလားအပ်ဘဲ နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) လဲလှယ်နှုန်းများ မြင့်မားစေရန် ပြုလုပ်ခြင်းသည် ကုန်ဈေးနှုန်းမတည်ငြိမ်မှုကို ကြီးမားစွာ ဖြစ်ပေါ်စေနိုင်သည်ကို အလေးထားသတိပြုဆောင်ရွက်ရန်။

ဒုတိယဥက္ကဋ္ဌ ( ကိုယ်စား )

( မေတိုးဝင်း ၊ ညွှန်ကြားရေးမှူးချုပ် )

**နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရ ပြည်တွင်းဘဏ်များအားလုံး**

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးလက်ခံ/မျှောစာတွဲ